## ၄။ စစ်ဆေးအကဲဖြတ်ခြင်း

တတိယတန်းအနုပညာ(ပန်းချီ) ဘာသာရပ်တွင် ရည်ရွယ်ချက်ကို အခြေခံ၍ စစ်ဆေးအကဲဖြတ်မှုကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ စစ်ဆေးအကဲဖြတ်ရာတွင် ကျွမ်းကျင်မှုပိုင်းနှင့် စိတ်ကူးအတွေးအမြင်ပိုင်းဟူ၍ တွေ့ရှိရပါမည်။ ရုပ်ပုံများကို ရေးဆွဲသောအခါမျဉ်းကြောင်းများကို ပြေပြစ်ချောမွေ့စွာရေးဆွဲနိုင်မှု၊ ဆေးရောင်ခြယ်ရာတွင် သန့်ရှင်းသပ်ရပ်စွာ ဆေးခြယ်နိုင်မှုတို့သည် ကျွမ်းကျင်မှုဆိုင်ရာ အကဲဖြတ်ခြင်းတို့ဖြစ်ပါသည်။ ရေးဆွဲထားသောပုံများ၊ ပြုလုပ်ထားသော လက်မှုပစ္စည်းများနှင့်ပတ်သက်၍ မေးမြန်းခြင်း၊ ရှင်းပြခြင်းနှင့် ပြန်လည်တင်ပြခြင်းတို့သည် စိတ်ကူးအတွေးအမြင်ဆိုင်ရာ စစ်ဆေးအကဲဖြတ်ခြင်းများဖြစ်ပါသည်။ သင်ခန်းစာအလိုက် စစ်ဆေးအကဲဖြတ်ရာတွင် အသုံးပြုသည့်ဇယားကို Rubric နမူနာအဖြစ် အောက်တွင်ဖော်ပြထားပါသည်။

ဤဆရာလမ်းညွှန်စာအုပ်တွင် သင်ခန်းစာဦးတည်ချက်ကို အခြေခံ၍သင်ခန်းစာအားလုံး၏ စစ်ဆေးအကဲဖြတ်ခြင်းပုံစံကို ဖော်ပြထားပါသည်။ စစ်ဆေးအကဲဖြတ်ရာ၌ ကလေးများ၏ သင်ယူမှုဦးတည်ချက်ပေါက်မြောက်မှု အဆင့်ဆင့်ကို အကဲဖြတ်ခြင်းသည် အလွန်အရေးကြီးပါသည်။ ဥပမာ-သင်ယူမှုဦးတည်ချက်ပေါက်မြောက်ခြင်းမရှိသော ကလေးများရှိပါက B အဆင့်ရောက်အောင် ဆရာက စာသင်ချိန်အတွင်းတွင် ကူညီလုပ်ဆောင်ပေးရမည်။ ထိုသို့ပြုလုပ်ပေးခြင်းဖြင့် ကလေးများအားလုံး သင်ယူမှုဦးတည်ချက်ပေါက်မြောက်အောင်မြင်နိုင်မည်ဖြစ်သည်။

## စစ်ဆေးအကဲဖြတ်ခြင်း နမူနာပုံစံ

| သင်ခန်းစာ | အခန်း (၃) သင်ခန်းစာ (၂)<br>မိမိနေထိုင်ချင်သော အိမ်နှင့်ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း | | |
|---|---|---|---|
| သင်ယူမှုဦးတည်ချက် | မိမိနေထိုင်ချင်သော အိမ်နှင့်ပတ်ဝန်းကျင်ကို စဉ်းစား၍ ရေးဆွဲရှင်းပြတတ်ရန်။ | | |
| စစ်ဆေးမည့်အချက် | ကောင်း | သင့် | ထပ်မံကြိုးစားရန် |
| မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း။<br>(ကျွမ်းကျင်မှု) | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို အသေးစိတ် စုံလင်စွာ ရေးဆွဲနိုင်ခြင်း။ | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲနိုင်ခြင်း။ | မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို မရေးဆွဲနိုင်ခြင်း။ |
| ရေးဆွဲထားသော အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို ရှင်းပြခြင်း။<br>(စိတ်ကူးပုံဖော်မှု) | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို အသေးစိတ် ရှင်းပြနိုင်ခြင်း။ | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို ရှင်းပြနိုင်ခြင်း။ | အိမ်နှင့် ပတ်ဝန်းကျင်တို့၏ ဆက်စပ်မှုကို မရှင်းပြနိုင်ခြင်း။ |

## ကျွမ်းကျင်မှုနှင့်ပတ်သက်၍ စစ်ဆေးခြင်းနမူနာ

| စစ်ဆေးမည့်အချက် | A. ကောင်း | B. သင့် |
|---|---|---|
| မိမိနေထိုင်ချင်သော အိမ်နှင့် ပတ်ဝန်းကျင်ကို ရေးဆွဲခြင်း။<br>(ကျွမ်းကျင်မှု) | <br>အရောင်ခြယ်ခြင်းနှင့် ပတ်ဝန်းကျင်ကို အသေးစိတ် ရေးဆွဲနိုင်ခြင်း။ | <br>အရောင်ခြယ်ခြင်းနှင့် ပတ်ဝန်းကျင်ကို ရေးဆွဲနိုင် ခြင်း။ |